# MyPILAR

မြန်မာနိုင်ငံရေး သတင်းအချက်အလက်မဏ္ဍိုင်

Myanmar Political Information: linking analytical resources

EMReF
Enlightened Myanmar Research Foundation

MyPILAR

မြန်မာနိုင်ငံရေး သတင်းအချက်အလက်မဏ္ဍိုင်

Myanmar Political Information: linking analytical resources

## ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) သည် နယ်ပယ်အသီးသီးရှိ ဖွံ့ဖြိုးရေးကဏ္ဍများတွင် လုပ်ကိုင်နေသည့် နိုင်ငံတကာနှင့်ပြည်တွင်း အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၊ နိုင်ငံရေးပါတီများ၊ မီဒီယာ၊ ပုဂ္ဂလိကကဏ္ဍ၊ လွှတ်တော်နှင့် အစိုးရဌာနများအား သတင်းအချက်အလက်နှင့် အထောက်အထားအခြေပြုမူဝါဒအကြံပြုချက်များ ပံ့ပိုးနိုင်ရန်အတွက် လူမှုစီးပွားဆိုင်ရာသုတေသနများ၊ နိုင်ငံရေးဘောဂဗေဒဆိုင်ရာ လေ့လာသုံးသပ်မှုများ၊ လူမှုရေးအကဲဖြတ်ဆန်းစစ်ချက်များနှင့် အခြားသောဖွံ့ဖြိုးရေးနှင့်ဆက်စပ်သည့်လေ့လာမှုများကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည့် အကျိုးအမြတ်မယူသော အသိအမှတ်ပြု သုတေသနအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးမူဝါဒကိစ္စရပ်များနှင့်ပတ်သက်၍ စိတ်ချယုံကြည်နိုင်သည့် သတင်းအချက်အလက်များကို ပံ့ပိုးခြင်းအားဖြင့် နိုင်ငံရေးအသိနိုးကြားမှုနှင့် နိုင်ငံသားများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးခြင်း၌ ၎င်း၏ အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်လာစေရန် ဆောင်ရွက်လျက်ရှိပါသည်။

## ENLIGHTENED MYANMAR RESEARCH FOUNDATION (EMReF)

EMReF is an accredited non-profit research organization dedicated to doing socioeconomic research, political economy analyses, social assessments and other development-related studied in order to provide information and evidence-based recommendations for different stakeholders such as: international and local organizations in various development fields, civil society organizations, political parties, media, private sector, parliament and government agencies supporting equitable, inclusive and feasible policies and programs. EMReF has been extending its role in promoting political awareness and participations of citizens and civil society organizations through providing reliable and trustworthy information on political parties and elections, parliamentary performance, and essential development policy issues.

ဤစာအုပ်တွင် “MyPILAR” (www.mypilar.org) ဝက်ဘ်ဆိုက်၌ဖော်ပြထား သော အထွေထွေရွေးကောက်ပွဲများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်များနှင့်ပတ်သက်၍ ရေးသားတင်ပြထား သော လေ့လာသုံးသပ်မှုအကျဉ်းအများထဲမှ အချို့ကိုထုတ်နုတ်ဖော်ပြထားပါသည်။ EMReF မှ နှစ်ပတ်တစ်ကြိမ်ထုတ်ဝေလျက်ရှိသော ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာသတင်းစာစဉ်၊ ဝက်ဘ်ဆိုက်၏ အခြားကဏ္ဍများဖြစ်သော သုံးစွဲသူဖိုင်တင်ရန်နေရာ၊ စာအုပ်စာတမ်းများနှင့် Data များ အကြောင်းကိုလည်း ရှင်းလင်းတင်ပြထားပါသည်။

This “MyPILAR” booklet presents sample document summaries related to elections, political parties and parliaments uploaded to the websites “MyPILAR” (www.mypilar.org). Each document summary includes an analysis with supporting visualizations. This booklet also describes other website features such as user uploads, publications and data, and State and Region Parliaments News Bulletin which is distributed by EMReF every two weeks.

August 2016

# မာတိကာ/ Contents

## ရွေးကောက်ပွဲများ/ Elections


၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲမကျင်းပခဲ့သော မြို့နယ်များ ... 1

Townships Where Elections Were Cancelled in 2015 General Elections.... 4

၁ ရာခိုင်နှုန်းအောက်မဲရလဒ်အသာဖြင့် အနိုင်ရရှိခဲ့သော ပြည်ထောင်စုလွှတ်တော်ရှိ ကိုယ်စားလှယ်များနှင့်မဲဆန္ဒနယ်များ... 6

Pyidaungsu Hluttaw Constituencies Where Candidates Won by less than 1 Percent Margin... 10


## နိုင်ငံရေးပါတီများ/ Political Parties


လွှတ်တော်သုံးရပ်ရှိ အနိုင်ရတိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များ၏ ကျား/မ ပါဝင်ဖွဲ့စည်းမှု... 14

Gender Composition of Representatives from Winning Ethnic Parties in All Three Parliaments... 17

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်သော ပါတီများနှင့် အနိုင်ရပါတီများ အရေအတွက်... 19

Number of Competing Parties and Winning Parties in 14 States and Regions... 21


## လွှတ်တော်များ/ Parliaments


ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌများ... 23

State and Region Hluttaw Speakers' Profiles... 26

ပထမအကြိမ်တိုင်းဒေသကြီး နှင့် ပြည်နယ်လွှတ်တော်အသီးသီးမှ ပြဋ္ဌာန်းခဲ့သော ဥပဒေများအပေါ် သုံးသပ်ချက်အကျဉ်း... 28

A Brief Analysis on Laws Passed by the First State/Region Hluttaws... 35

ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များဆိုင်ရာ သတင်းစာစဉ်/ State and Region Parliaments News Bulletin… 40

သုံးစွဲသူမှ ဖိုင်တင်ရန်/ User Uploads… 41

စာအုပ်စာတမ်းများနှင့်ဒေတာများ/ Publications and Data… 42

# ရွေးကောက်ပွဲများ

## ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲမကျင်းပခဲ့သော မြို့နယ်များ

၂၀၁၅ အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် မြန်မာနိုင်ငံတဝန်းလုံး၌ ကျင်းပခဲ့သည်။ သို့သော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊မွန်ပြည်နယ်၊ ရှမ်းပြည်နယ် နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၇) မြို့နှင့် ကျေးရွာအုပ်စုပေါင်း ၆၀၀ ခန့်တွင် ရွေးကောက်ပွဲဖျက်သိမ်းခဲ့ပါသည်။ ဤဆောင်းပါးပါအချက်အလက်များသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွင်း ထုတ်ပြန်သောကြေညာချက်များကို ကိုးကား၍ ရေးသားပါသည်။ ဤဆောင်းပါးသည် ရွေးကောက်ပွဲမပြုလုပ်နိုင်သော မြို့နယ်များနှင့် ကျေးရွာများကို ဖော်ပြခြင်းအားဖြင့် ကြားဖြတ်ရွေးကောက်ပွဲမကျင်းပါက ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များတွင် ကိုယ်စားလှယ်လစ်လပ်နေသောနေရာများကို မီးမောင်းထိုးပြရန် ရည်ရွယ်သည်။


ရှမ်းပြည်နယ်ရှိ ပန်ဆန်း၊ ပန်ဝိုင်၊ မိုင်းမော၊ နားဖန်း၊ မိုင်းလား၊ မိုင်းရှူး၊ ကျေးသီး စသည့် မြို့နယ် ၇ ခုလုံးတွင် ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့ပါ။ ထို့အပြင် မူဆယ်၊ ကုန်းကြမ်း၊ မန်တုံ၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းယောင်း၊ မိုင်းတုံ၊ မက်မန်း၊ တန့်ယန်း မြို့နယ်များရှိ ကျေးရွာအုပ်စုအချို့တွင်များလည်း မဲဆန္ဒခံယူခြင်း မပြုလုပ်နိုင်ခဲ့ပါ။ မိုင်းမော၊ ပန်ဝိုင်၊ နားဖန်း၊ ပန်ဆန်း၊ မက်မန်း မြို့နယ်များသည် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသတွင် ပါဝင်သည်။

ကချင်ပြည်နယ်ရှိ မချမ်းဘော၊ ဆွမ်ပရာဘွမ်၊ ခေါင်လန်ဖူး၊ ဝိုင်းမော်၊ ချီဖွေ၊ ဆော့လော်၊ အင်ဂျန်းယန်၊ မံစီ၊ တနိုင်း၊ ရွှေကူ မြို့နယ်များအတွင်းရှိ ကျေးရွာအုပ်စုအချို့တွင် ရွေးကောက်ပွဲများ ဖျက်သိမ်းခဲ့ပါသည်။ ကချင်ပြည်နယ်အတွင်း ရွေးကောက်ပွဲမပြုလုပ်နိုင်သော ကျေးရွာအုပ်စုပေါင်း ၂၂၁ စုရှိသည်။

ကရင်ပြည်နယ် ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီး၊ မြဝတီ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်များအတွင်းရှိ ကျေးရွာအုပ်စုအချို့တွင်လည်း မဲဆန္ဒခံယူပွဲများကို ရုတ်သိမ်းခဲ့သည်။ ထိုနည်းတူပင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်ရှိ ဘောနော့ခီးကျေးရွာအုပ်စုတွင်လည်း ရွေးကောက်ပွဲများ မကျင်းပနိုင်ခဲ့ပါ။ ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၂ စု နှင့် ရွှေကျင်မြို့နယ်အတွင်းရှိ အုပ်စုကျေးရွာ ၂၉ စုတွင် ရွေးကောက်ပွဲကျင်းပခြင်း မရှိခဲ့ပါ။

အထက်ပါဒေသများ၌ ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့ခြင်းကြောင့် ရှမ်းပြည်နယ်တွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၇ နေရာနှင့် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၁၄ နေရာ လစ်လပ်နေပါသည်။ နေရာဒေသအချို့တွင် ရွေးကောက်ပွဲ မကျင်းပခဲ့သော်လည်း ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် နှစ်ရပ်စလုံးတွင် တပ်မတော်သားကိုယ်စားလှယ်များ အချိုးကျပါရှိနေသည်။ ထို့ကြောင့် ကြားဖြတ်ရွေးကောက်ပွဲမပြုလုပ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြဋ္ဌာန်းသော တပ်မတော်သားကိုယ်စားလှယ်ပါဝင်မှု ၂၅% ထက်များနေမည် ဖြစ်သည်။

## ပုံ- ၁။ ။ ရွေးကောက်ပွဲ မကျင်းပခဲ့သော မြို့နယ်များ




### ကိုးကား

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းထုတ်ပြန်ချက်များ

၂။ ၂၀ဝ၈ ဖွဲ့စည်းပုံအခြေခံဥပဒေ

# Elections

## Townships Where Elections Were Cancelled in 2015 General Elections


The 2015 general elections were held on 8th November 2015 across Myanmar. However, the elections were cancelled in 7 entire townships and over 600 villages in Kachin, Kayin, Mon, Shan states and Bago regions, which were deemed unsuitable for free and fair elections by the Union Election Commission. The data used in this article is derived from the UEC notifications in October 2015. This article aims to highlight vacant seats in the Pyithu Hluttaw and State/Region Hluttaws unless by-elections are conducted while providing the number of townships and village tracts with no election.

In Shan State, elections were called off in seven entire townships: Pangsang, Pangwaun, Mongmao, Narphan, Mongla, Monghsu and Kyethi. In addition, some village tracts in Muse, Konkyan, Manton, Mongkhet, Mongyang, Mongyawng, Mongton, Matman and Tangyan townships did not hold polling. Mongmao, Pangwaun, Narphan, Pangsang and Matman are in the "Wa" Self-Administered Division.

In Kachin State, some village tracts in Machanbaw, Sumprabum, Khaunglanhpu, Waingmaw, Chipwi, Tsawlaw, Injangyang, Mansi, Tanai and Shwegu Townships did not hold elections. In Kachin state alone, the number of village tracts where the elections were cancelled amounted to 211 in total.

In Kayin State, elections were called off in some village tracts in Hpa-An, Hlaingbwe, Hhapun, Thandaunggyi, Myawaddy, Kawkareik and Kyainseikgyi Townships. Similarly, there was no polling in Bawnawkhee village tract in Bilin Township, Mon State. In Bago Region, elections were not held in 12 village-tracts in Kyaukkyi Township and 29 wards and village tracts in Shwegyin Township.

## Figure 1: Townships Where Elections Were Cancelled




The cancellations particularly affected Shan State, leading to 7 vacant seats in the Pyithu Hluttaw and 14 in the State Hluttaw. Despite the poll cancellations, the military representatives took the full-designated seats both in the Pyithu and the State/Region Huttaws. This indicates that, unless by-elections are held, the military representation is higher than the 25 percent prescribed in the Constitution.

### References

1. Union Election Commission's Notifications in October 2015
2. (2008) Constitution of the Republic of the Union of Myanmar

# ၁ ရာခိုင်နှုန်းအောက်မဲရလဒ်အသာဖြင့် အနိုင်ရရှိခဲ့သော ပြည်ထောင်စုလွှတ်တော်ရှိ ကိုယ်စားလှယ်များနှင့် မဲဆန္ဒနယ်များ

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်ရှိ မဲဆန္ဒနယ် ၁၆၈ ခု၊ ပြည်သူ့လွှတ်တော်ရှိ မဲဆန္ဒနယ် ၃၂၃ ခုနှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်မဲဆန္ဒနယ် ၆၃၀ နှင့်တိုင်းရင်းသားရေးရာဝန်ကြီးနေရာ ၂၉ နေရာတို့၌ ကိုယ်စားလှယ်လောင်း ၆၀၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီးကိုယ်စားလှယ် ၁၁၅၀ ဦး ရွေးကောက်ခံအနိုင်ရရှိခဲ့ကြသည်။ ပါတီအနေဖြင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) က ကိုယ်စားလှယ်နေရာအားလုံး၏ ၇၇ ရာနှုန်းကျော် အပြတ်အသတ်အနိုင်ရခဲ့သော်လည်း ရွေးကောက်ပွဲစနစ်ပေါ်တွင်မူတည်၍ ရွေးကောက်ပွဲရလဒ်များ ကွဲပြားသွားနိုင်ခြင်းက စိတ်ဝင်စားဖွယ်ကောင်းပါသည်။

မြန်မာနိုင်ငံသည် ရွေးကောက်ပွဲစနစ်တွင် အရိုးရှင်းဆုံးသောပုံစံဖြစ်သော မဲများသူနိုင်စနစ်/ မဲများသူ အကုန်ယူစနစ်/မဲများသူအနိုင်ယူစနစ် (FPTP) ကို အသုံးပြု၍ ပြည်ထောင်စုလွှတ်တော်အတွက်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအတွက်လည်းကောင်းရွေးကောက်ပွဲကျင်းပခဲ့သည်။ ဤစနစ်အရ ယှဉ်ပြိုင်ရာမဲဆန္ဒနယ်တွင် မဲအများဆုံးရရှိသူကိုယ်စားလှယ်လောင်းသည် လွှတ်တော်ကိုယ်စားလှယ်တစ်နေရာ အနိုင်ရရှိသူဖြစ်သည်။

FPTP ကဲ့သို့ ရိုးရှင်းသည့်စနစ်ကို အသုံးပြုခြင်းသည် မဲပေးခြင်း၊ မဲရေတွက်ခြင်းတို့တွင် အကျိုးရှိစေပါသည်။ ယင်းစနစ်သည် ရွေးကောက်ပွဲ အတွေ့အကြုံနည်းပါးသော ပြည်သူများအား ယခုထက်ပိုမိုရှုပ်ထွေးသည့်စနစ်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိအောင် ရွေးကောက်ပွဲကော်မရှင် (UEC) က လူထုပညာပေးခြင်းနှင့် သင်တန်းများပေးရန် လိုအပ်နေသေးသော မြန်မာနိုင်ငံကဲ့သို့ နိုင်ငံတစ်ခုတွင် ကျင်းပရန်အဆင်ပြေသည့် ရွေးကောက်ပွဲစနစ်တစ်ရပ်လည်း ဖြစ်သည်။ သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်တစ်နေရာရရှိသူသည် မဲအများစုနိုင်သူ ဖြစ်ချင်မှသာဖြစ်ပေမည်။ ထို့ကြောင့် FPTP စနစ်သည် အနိုင်မရသူ ကိုယ်စားလှယ်လောင်းများအားပေးသည့်မဲများကို အချည်းနှီးဖြစ်စေသည်ဟုလည်း ဆိုနိုင်သည်။

ယခုလေ့လာသုံးသပ်မှုအကျဉ်းတွင် အနိုင်အရှုံးကွာဟချက်နည်းပါးစွာ ၁ ရာခိုင်နှုန်းအောက် မဲရလဒ်အသာဖြင့် အနိုင်ရရှိခဲ့သော ကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲရလဒ်များအားလေ့လာ၍ ရွေးကောက်ပွဲစနစ်၏ အရေးပါပုံကို ထည့်သွင်းစဉ်းစားကာ တင်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးပါ အချက်အလက်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှရရှိပြီး လေ့လာသုံးသပ်ရာတွင်လွယ်ကူစေရန် ပညာအလင်းပွင့်မြန်မာသုတေ

သနဖောင်ဒေးရှင်းမှ Excel ပုံစံ ပြင်ဆင်ခဲ့သည်။ ပြည်ထောင်စုလွှတ်တော်တွင် ၁ ရာခိုင်နှုန်းအောက် မဲရလဒ်အနိုင်ဖြင့် အနိုင်ရရှိခဲ့သောကိုယ်စားလှယ်များ နှင့် မဲဆန္ဒနယ် ၇ ခုရှိသည်။ အမျိုးသားလွှတ်တော်၊ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၅) တွင် တအာင်း (ပလောင်) အမျိုးသားပါတီသည် ၂၅.၂၉ % ခိုင်လုံမဲရလဒ်ဖြင့် USDP အပေါ် အနိုင်အရှုံးကွာဟချက်နည်းပါးစွာ အနိုင်ရရှိခဲ့သည်။

### ဇယား-၁ ။ ။ အမျိုးသားလွှတ်တော်တွင်ဝင်ရောက်ယှဉ်ပြိုင်ပြီး အနိုင်အရှုံး သိသိသာသာကွာခြားခြင်းမရှိဘဲ အနိုင်ရရှိခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ

| မဲဆန္ဒနယ် | အမည် | ပါတီ/တစ်သီးပုဂ္ဂလ | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|
| အမျိုးသားလွှတ်တော် ရှမ်း (မဲဆန္ဒနယ် -၅) | ဒေါ်နန်းထွေးမှုံ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ၂၂.၄၅ |
| | ဒေါ်စန်းစန်းထွေး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ၉.၇၂ |
| | ဒေါက်တာ စိုင်းကျော်အုံး | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ | ၁၀.၆၂ |
| | ဦးခွန်ထူး | တစ်သီးပုဂ္ဂလ | ၆.၇၄ |
| | ဦးညီစိန် | တအာင်း(ပလောင်) အမျိုးသားပါတီ | ၂၅.၂၉ |
| | ဦးစိုင်းဆာလူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၅.၁၇ |

ပြည်သူ့လွှတ်တော်ရှိ ကန်ပက်လက်၊ ပုဗ္ဗသီရိနှင့် ရွာငံမဲဆန္ဒနယ် စသည့် မဲဆန္ဒနယ် (၃) ခုတွင် NLD သည် ၁ ရာခိုင်နှုန်းအောက် မဲအနည်းငယ်အသာဖြင့် အနိုင်ရရှိခဲ့သည်။ NLD သည် တောင်ကြီးမဲဆန္ဒနယ်တွင် ၃၅.၁၁% မဲရရှိခဲ့ပြီး ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) က ၎င်းနောက်တွင် ၃၄.၇၈% ဖြင့် မဲရလဒ်ချင်း နီးကပ်စွာ ရပ်တည်ခဲ့သည်။ ထို့ပြင် ကျောင်းကုန်းမဲဆန္ဒနယ်တွင် USDP က NLD ပါတီကို ဂ.၄၅ ရာနှုန်းအသာဖြင့်

လည်းကောင်း၊ ကွမ်းလုံမဲဆန္ဒနယ်တွင် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီက USDP ပါတီကို ၀.၃၄ ရာနှုန်းအသာဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

### ဇယား-၂။ ။ ပြည်သူ့လွှတ်တော်တွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်အရှုံး သိသိသာ မကွာခြားဘဲ အနိုင်ရရှိခဲ့သောလွှတ်တော်ကိုယ်စားလှယ်များ

| မဲဆန္ဒနယ် | အမည် | ပါတီ/တစ်သီးပုဂ္ဂလ | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|
| ကန်ပက်လက် | သူရဦးအောင်ကို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၃၇.၄၀ |
| | ဦးဖွေနိုင်း | ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၈.၁၇ |
| | ဦးစံခင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၃၇.၉၄ |
| | ဦးတင်မောင်လှ | ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ | ၁၆.၅၀ |
| ကွမ်းလုံ | ဒေါ်နန်းခင်ဌေး | ရှမ်းတိုင်းရင်းသားများဒီမိုကရက် တစ်ပါတီ | ၆.၅၇ |
| | ဦးအန်တိုနီစူ | ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါ တီ | ၂.၁၁ |
| | ဦးဟော်ရှောက်ချန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၉.၁၅ |
| | ဦးခွန်ဇယ်(ခ) ဦးခွန်ကြွယ် | “ဝ” ဒီမိုကရက်တစ်ပါတီ | ၄.၄၈ |
| | ဦးလွန်းချောင် | လော်ဝေါ်အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈.၀၉ |
| | ဦးယန်ကျင်းကန် | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေး ပါတီ | ၂၉.၄၉ |
| ကျောင်းကုန်း | ဒေါ်အေးအေးသက် | အမျိုးသားတိုးတက်ရေးပါတီ | ၁.၉၃ |
| | ဒေါ်ကြည်ဆွေ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃.၄၈ |
| | ဦးဗဟိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄၄.၇၆ |

| | | | |
|---|---|---|---|
| | ဦးမန်းဝင်းရွှေ | ကရင်အမျိုးသားပါတီ | ၁.၇၆ |
| | ဦးစောဝင်းကျော် | ကရင်ပြည်သူ့ပါတီ | ၂.၈၆ |
| | ဦးသိန်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၅.၂၁ |
| ပုဗ္ဗသီရိ | ဦးမြင့်လွင်သန်း | တစ်သီးပုဂ္ဂလ | ၁.၃၂ |
| | ဦးဝေလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၉.၁၈ |
| | ဦးရည်မွန်(ခ) မောင်တင်သစ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄၉.၅၀ |
| တောင်ကြီး | ဒေါက်တာ ဒေါ်သန်းငွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၃၅.၁၁ |
| | ဒေါက်တာနန်း အေးဆွေ(ခ) ဒေါ်ခင်ဆွေ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ | ၁.၄၁ |
| | ဦးဖိုလ်မင်းထူး | ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ | ၀.၈၃ |
| | ဦးစိုင်းလင်းမြတ် | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၃.၆၃ |
| | ဦးဝင်းကို | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃၄.၇၈ |
| | ဦးစိုင်းဖော်ဖော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၄.၂၃ |
| ရှာင် | ဦးအောင်စိုးမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၃၈.၁၂ |
| | ဦးအောင်သိန်း | ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ | ၁၇.၅၄ |
| | ဦးနေမျိုး | ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ | ၆.၅၉ |
| | ဦးစောထွန်းခိုင်(ခ) ဦးပေါက်စ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၃၇.၇၄ |

**ကိုးကား**

၂၀၁၅ အထွေထွေရွေးကောက်ပွဲရလဒ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်။

## Pyidaungsu Hluttaw Constituencies Where Candidates Won by less than 1 Percent Margin

More than 6000 candidates entered 2015 General Elections in Myanmar and of which 1150 candidates were elected – 168 for Amyotha Hluttaw, 323 for Pyithu Hluttaw, 630 for State/Region Hluttaws and 29 ethnic affairs ministers. National League for Democracy (NLD) had a landslide victory, winning 77 percent of seats. It is intriguing to consider whether the election results would be different depending on the electoral system.

Myanmar uses the first-past-the-post (FPTP) electoral system; also known as a simple majority system and it applies to elections in Myanmar's national Parliament, as well as to elections in states/regions. Under this system, the candidate with the highest number of votes in a given constituency wins the seat.

The FPTP voting system has certain advantages, mainly its simplicity in respect of voting and vote-counting. It is also convenient in countries like Myanmar where people have very little electoral experience, and the Union Election Commission is required to invest training and public education to adopt a more complex electoral system. On the other hand, a candidate who wins a seat may not actually receive the majority of votes. FPTP is also regarded as wasteful since votes cast for losing candidates count for nothing.

Considering the importance of the electoral system on the election results, this short article provides analysis of candidates who won by an extremely narrow margin – less than 1 per cent. The data used in this

article was from Union Election Commission and Enlightened Myanmar Research Foundation prepared in Excel format for the purpose of analysis. There are 7 constituencies in Pyidaungsu Hluttaw with candidates winning by less than 1 percent margin.

Ta-Arng (Palaung) National Party won in Amyotha Hluttaw Shan State Constituency 5, with 25.29 percent of the vote, by a narrow margin over Union Solidarity and Development Party (USDP).

**Table 1: Amyotha Hluttaw Constituency Where A Candidate Won with Less Than 1 Percent Margin**

| Constituency Name | Full Name | Party | Percent of Valid Vote |
|---|---|---|---|
| Amyotha_ Shan_5 | Daw Nan Htwe Hmone | Shan Nationalities League for Democracy | 22.45 |
| | Daw San San Htwe | National League for Democracy | 9.72 |
| | Dr. Sai Kyaw Ohn | Shan Nationalities Democratic Party | 10.62 |
| | U Khun Htoo | Individual | 6.74 |
| | U Nyi Sein | Ta-Arng (Palaung) National Party | 25.29 |
| | U Sai Sar Lu | Union Solidarity and Development Party | 25.17 |

NLD won over USDP in 3 Pyithu Hluttaw constituencies, namely Kanpetlet, Poke Ba Thi Ri and Ywangan, by a slim margin less than 1 per cent. NLD earned 35.11 percent of votes in Taunggyi Constituency while Pao National Organization followed closely with 34.78 per cent. On the other hand, USDP won a seat for Kaunggon

constituency over NLD by 0.45 margin and Kokang Democracy and Unity Party for Kun Long constituency over USDP by 0.34 margin.

Please see the following table for details.

**Table 2: Pyithu Hluttaw Constituencies Where Candidates Won with Less Than 1 Percent Margin**

| Constituency Name | Full Name | Party | Percent of Valid Vote |
|---|---|---|---|
| Kanpetlet | Thura U Aung Ko | Union Solidarity and Development Party | 37.40 |
| | U Phwe Nine | Chin League for Democracy | 8.17 |
| | U San Khin | National League for Democracy | 37.94 |
| | U Tin Maung Hla | Chin National Democratic Party | 16.50 |
| Kunlong | Daw Nang Khin Htay | National League for Democracy | 20.10 |
| | | Shan Nationalities Democratic Party | 6.57 |
| | U Anthony Su | Kokang Democratic Party | 2.11 |
| | U Haw Shauk Chan | Union Solidarity and Development Party | 29.15 |
| | U Khun Zae @U Khun Kywe | Wa Democratic Party | 4.48 |
| | U Lun Chaung | Lhaovo National Unity and Development Party | 8.09 |
| | U Yan Kyin Kan | Kokang Democracy and Unity Party | 29.49 |
| Kyaunggon | Daw Aye Aye Thet | National Unity Party | 1.93 |
| | Daw Kyi Swe | Myanmar Farmer Development Party | 3.48 |
| | U Ba Hein | National League for Democracy | 44.76 |
| | U Mann Win Shwe | Karen National Party | 1.76 |

| | | | |
|---|---|---|---|
| | U Saw Win Kyaw | Kayin People Party | 2.86 |
| | U Thein Htun | Union Solidarity and Development Party | 45.21 |
| **Poke Ba Thi Ri** | U Myint Lwin Than | Individual | 1.32 |
| | U Wai Lwin | Union Solidarity and Development Party | 49.18 |
| | U Yee Mon@Maung Tin Thit | National League for Democracy | 49.50 |
| **Taunggyi** | Dr.Daw Than Ngwe | National League for Democracy | 35.11 |
| | Dr. Nang Aye Swe @ Daw Khin Swe | Shan Nationalities Democratic Party | 1.41 |
| | U Bo Min Htoo | Danu National Democracy Party | 0.83 |
| | U Sai Lin Myat | Shan National League for Democracy | 3.63 |
| | U Win Ko | Pao National Organization | 34.78 |
| | U Sai Zaw Zaw | Union Solidarity and Development Party | 24.23 |
| **Ywangan** | U Aung Soe Min | National League for Democracy | 38.12 |
| | U Aung Thein | Danu National Democracy Party | 17.54 |
| | U Nay Myo | Danu National Organization Party | 6.59 |
| | U Saw Tun Khaing@U Pauk Sa | Union Solidarity and Development Party | 37.74 |

## References

2015 General Elections Results, Union Election Commission


# နိုင်ငံရေးပါတီများ

## လွှတ်တော်သုံးရပ်ရှိ အနိုင်ရတိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များ၏ ကျား/မ ပါဝင်ဖွဲ့စည်းမှု

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်နှင့် နိုင်ငံရေးလှုပ်ရှားမှုတိုင်းတွင် အမျိုးသမီးများ ပါဝင်လာခဲ့ကြသည်။ သို့သော် မူဝါဒရေးရာဆုံးဖြတ်ချက်ချသူနေရာများတွင် အမျိုးသမီး ကိုယ်စားပြုမှု နိမ့်ကျနေဆဲဖြစ်သည်။ ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် တိုင်းရင်းသား ပါတီ ၅၃ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၁၈ ပါတီ အနိုင်ရရှိခဲ့သည်။ အနိုင်ရ တိုင်းရင်းသား ပါတီများမှ လွှတ်တော်အရပ်ရပ်အတွက် ကိုယ်စားလှယ် ၁၄၀ ဦး ရွေးကောက်ခံအနိုင်ရရှိပြီး ယင်းတို့အနက် ၁၄ ဦးမှာ အမျိုးသမီးများဖြစ်ကြသည်။ ဤဆောင်းပါးသည် မြန်မာ့နိုင်ငံရေး အဝန်းအဝိုင်းတွင် အမျိုးသမီးများပါဝင်ရေး အားပေးမြှင့်တင်လိုသည့် ရည်ရွယ်ချက်ဖြင့် အနိုင်ရတိုင်းရင်းသားပါတီ ၁၈ ခုမှ လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား/မ ပါ ဝင် ဖွဲ့စည်းမှုကို လေ့လာဖော်ထုတ်တင်ပြလိုရင်းဖြစ်ပါသည်။

ယခုလေ့လာသုံးသပ်ချက်အကျဉ်းပါ အချက်အလက်များအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှရရှိပြီး လေ့လာသုံးသပ်ရာတွင် လွယ်ကူစေရန် ပညာအလင်းပွင့် မြန်မာသုတေသနဖောင်ဒေးရှင်းမှ Excel ပုံစံဖြင့် ပြင်ဆင်ခဲ့သည်။ ဤဆောင်းပါးတွင် တိုင်းရင်းသားပါတီဆိုသည်မှာ ပါတီခေါင်းဆောင်ပိုင်းနှင့်ပါတီဝင်အများစုက တိုင်းရင်းသား လူမျိုးဟု မိမိကိုယ်ကိုယ် ရည်ညွှန်းသတ်မှတ်သော ပါတီများကို ဆိုလိုသည်။

### ပုံ-၁ ။ ။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် အနိုင်ရတိုင်းရင်းသား ပါတီများ




အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးအနက် ၇ ဦးသည် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) မှ ဖြစ်ရာ SNLD သည် အမျိုးသမီးကိုယ်စားလှယ် ပါဝင်မှုအများဆုံးဖြစ်သော တိုင်းရင်းသားပါတီဖြစ်သည်။ ရခိုင်အမျိုးသားပါတီသည် စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ် ၄၅ နေရာအနိုင်ရရှိခဲ့သော်လည်း အမျိုးသမီး ကိုယ်စားလှယ် ၂ ဦးသာ ပါဝင်သည်။ ကချင်ပြည်နယ်ဒီမိုကရေစီပါတီ၊ လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (L.N.D.P)၊ တအာင်း (ပလောင်) အမျိုးသားပါတီ၊ တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ နှင့် ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့တွင် အမျိုးသမီးကိုယ်စားလှယ်တစ်ဦးစီ ပါဝင်သည်။

ထိုပါတီများမှအပ ကျန်တိုင်းရင်းသား ၁၁ ပါတီတွင် အမျိုးသမီးကိုယ်စားလှယ် ရွေးကောက်ခံရခြင်းမရှိခဲ့ပါ။ ၎င်းပါတီများမှာ

၁။ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

၂။ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ
၃။ ကရင်ပြည်သူ့ပါတီ
၄။ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
၅။ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
၆။ မွန်အမျိုးသားပါတီ
၇။ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီ
၈။ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ
၉။ စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)
၁၀။ "ဝ" ဒီမိုကရက်တစ်ပါတီ
၁၁။ "ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ
တို့ ဖြစ်သည်။

အထက်ပါကိန်းဂဏန်းများသည် မြန်မာ့နိုင်ငံရေးလှုပ်ရှားမှုတွင် အမျိုးသမီးများ ပါဝင်လာခဲ့သည်ဆိုသော်လည်း ကျား/မ ပါဝင်မှုအချိုးအစား ကွာဟချက်ကြီးမားနေဆဲ ဖြစ်သည်ကို ညွှန်းဆိုပြသလျက်ရှိသည်။ နိုင်ငံရေးပါတီများအတွက် ပါတီဝင်အင်အား စုဆောင်းခြင်းနှင့် ကိုယ်စားလှယ်လောင်းရွေးချယ်ခြင်းတို့သည် အဓိကတာဝန်များဖြစ်သည့် အလျောက် ရွေးကောက်ခံအမျိုးသမီးကိုယ်စားလှယ်ဦးရေသတ်မှတ်ခြင်းသည် ၎င်းတို့ အတွက် လွန်စွာအရေးကြီးသော ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်သည်။ အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံရေးပါတီများအနေဖြင့် ဩဇာအာဏာရှိသည့်နေရာကို မည်သူက ရောက်ရှိရယူမည်နည်း ဆိုသည်ကိုလည်း ဆုံးဖြတ်ကြရသည်ဖြစ်ရာ ပါတီအင်အားကြီးမားစေရေးငှာ အမျိုးသမီး များကို ပါတီဝင်သစ်အနေဖြင့် စုဆောင်းသင့်သည်သာမက ဆုံးဖြတ်ချက်ချမှတ်သည့်နေရာ များ၌ အမျိုးသမီးများပါဝင်လာစေရေးအတွက်လည်း အားပေးမြှင့်တင်သင့်ပေသည်။

### ကိုးကား

၂၀၁၅ အထွေထွေရွေးကောက်ပွဲရလဒ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ မြန်မာ။


# Political Parties

## Gender Composition of Representatives from Winning Ethnic Parties in All Three Parliaments

Women have participated in every political movement in Myanmar, yet women are underrepresented in policy-making positions. In the Myanmar 2015 General Elections, 18 out of 53 competing ethnic parties won. A total of 140 candidates from ethnic parties were elected to all parliaments and only 14 were female. The article details gender composition of the 18 winning ethnic parties and aims to promote women participation in Myanmar politics.

The data used in this brief article was from Union Election Commission. An ethnic party is defined as a political party in which the majority of its leadership and membership identify themselves as belonging to an ethnic group.

### Chart 1: Winning Ethnic Parties with Female Candidates in 2015 General Elections



Out of 14 female parliamentarians, 7 were from Shan Nationalities League for Democracy (SNLD), making SNLD the ethnic party with the highest female participation. Arakan National Party, despite winning 45 seats in total, had only 2 female candidates. Kachin State Democracy Party, Lisu National Development Party (L.N.D.P), Ta-Arng Palaung National Party, Tai-Leng Nationalities Development Party (T.N.D.P) and Zomi Congress for Democracy had one female MP each.

On the other hand, the other 11 ethnic parties did not have any female candidates elected. They are:

1. Akha National Development Party
2. All Mon Regions Democracy Party
3. Kayin People Party
4. Kokang Democracy and Unity Party
5. La Hu National Development Party
6. Mon National Party
7. Pao National Organisation (PNO)
8. Shan Nationalities Democratic Party (SNDP)
9. Unity and Democracy Party of Kachin State (UDPKS)
10. Wa Democratic Party
11. Wa National Unity Party


Despite the fact that some Myanmar women have achieved success in political movements, the above numbers indicate that Myanmar is still far from attaining gender parity. Political parties play a crucial key in determining the number of women elected because they are responsible for recruiting members and selecting candidates. In addition, parties determine who will reach positions of power. Thus political parties should recruit female members not only for increasing the parties' size but also promote them to decision-making positions.

## Reference

The 2015 General Elections Results, Union Election Commission,Myanmar

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်သော ပါတီများနှင့် အနိုင်ရပါတီများ အရေအတွက်

ပုံ-၁ ။ ။ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုတွင် ဝင်ရောက်ယှဉ်ပြိုင်သော ပါတီများ နှင့် အနိုင်ရပါတီများ အရေအတွက်




၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ပါတီ ၉၀ ဝင်ရောက်ယှဉ်ပြိုင်ရာ ၂၂ ပါတီ (၂၄%) အနိုင်ရရှိသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ရာ ရှမ်းပြည်နယ်တွင် ၂၈ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ရာ ၁၂ ပါတီ (၄၃%) အနိုင်ရရှိပြီး ကချင်ပြည်နယ်တွင် ၁၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ရာ ၇ ပါတီ (၄၁%) အနိုင်ရရှိသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ၃၃ ပါတီ

ဝင်ရောက်ယှဉ်ပြိုင်ရာ ၃ ပါတီ (၉%) အနိုင်ရရှိသည်။ ထိုနည်းတူစွာ ပဲခူးတိုင်းဒေသကြီး တွင် ၂၂ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ရာ ၂ ပါတီ (၉%) အနိုင်ရရှိပြီး တနင်္သာရီတိုင်းဒေသကြီး တွင် ၁၁ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ရာ ၁ ပါတီ (၉ %) အနိုင်ရရှိသည်။ မကွေးတိုင်းဒေသကြီး တွင် ၁၄ ပါတီ ယှဉ်ပြိုင်ရာ ၁ ပါတီ (၇%) အနိုင်ရရှိခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် အနည်းဆုံး ရရှိခဲ့သည်။

အောက်ဖော်ပြပါဇယားသည် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အနိုင်ရပါတီ ရာခိုင်နှုန်းများကို ကြီးစဉ်ငယ်လိုက် စီထားခြင်း ဖြစ်သည်။

**ဇယား-၁။ ။ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အနိုင်ရပါတီရာခိုင်နှုန်း**


| တိုင်းဒေသကြီး/ ပြည်နယ် | ဝင်ရောက်ယှဉ်ပြိုင်သောပါတီ အရေအတွက် | အနိုင်ရရှိသော ပါတီ အရေအတွက် | တိုင်းဒေသကြီး/ ပြည်နယ်များ၏ အနိုင်ရပါတီ ရာခိုင်နှုန်း |
|---|---|---|---|
| ရှမ်း | ၂၈ | ၁၂ | ၄၃% |
| ကချင် | ၁၇ | ၇ | ၄၁% |
| ချင်း | ၁၂ | ၃ | ၂၅% |
| မွန် | ၁၈ | ၄ | ၂၂% |
| ကယား | ၁၁ | ၂ | ၁၈% |
| ကရင် | ၁၈ | ၃ | ၁၇% |
| ရခိုင် | ၁၈ | ၃ | ၁၇% |
| မန္တလေး | ၂၀ | ၃ | ၁၅% |
| စစ်ကိုင်း | ၂၀ | ၃ | ၁၅% |
| ဧရာဝတီ | ၁၇ | ၂ | ၁၂% |
| ပဲခူး | ၂၂ | ၂ | ၉ % |
| တနင်္သာရီ | ၁၁ | ၁ | ၉ % |
| ရန်ကုန် | ၃၃ | ၃ | ၉ % |
| မကွေး | ၁၄ | ၁ | ၇% |

**ကိုးကား**

၂၀၁၅ အထွေထွေရွေးကောက်ပွဲရလဒ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်။

## Number of Competing Parties and Winning Parties in 14 States and Regions

### Figure 1: Numbers of Competing Parties and Winning Parties in 14 States and Regions




During the 2015 general elections, a total of 90 parties competed for seats in different Hluttaws and 22 parties won (24%).

When comparing parties competing with parties winning in different states and regions, 12 parties in Shan State won out of 28 parties competed i.e., 43% and in Kachin State, 41% won (7 out of 17 parties). Nine percent of parties won in Yangon Region (3 out of 33), 9% won in

Bago Region (2 out of 22) and 9% won in Tanintharyi Region (1 out of 11 parties). In Magway Region, 1 out of 16 parties won (7%) and this was the lowest percentage among all States and Regions. The following table shows the parties with winning candidates in 14 States and Regions in descending order.

### Table 1: Percentage of Winning Parties in States and Regions

| | Competing Parties | Winning Parties | % Winning |
|---|---|---|---|
| Shan | 28 | 12 | 43% |
| Kachin | 17 | 7 | 41% |
| Chin | 12 | 3 | 25% |
| Mon | 18 | 4 | 22% |
| Kayah | 11 | 2 | 18% |
| Kayin | 18 | 3 | 17% |
| Rakhine | 18 | 3 | 17% |
| Mandalay | 20 | 3 | 15% |
| Sagaing | 20 | 3 | 15% |
| Ayeyarwady | 17 | 2 | 12% |
| Bago | 22 | 2 | 9% |
| Tanintharyi | 11 | 1 | 9% |
| Yangon | 33 | 3 | 9% |
| Magway | 14 | 1 | 7% |

## References

2015 Elections Results, Union Election Commission

# လွှတ်တော်များ

## ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌများ

လျင်မြန်စွာပြောင်းလဲလျက်ရှိသော မြန်မာ့နိုင်ငံရေးအကူးအပြောင်းကာလတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များသည် ခိုင်မာအားကောင်းသော ဒီမိုကရေစီစနစ်နှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးတို့တွင် အလွန်အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ၂၀ဝ၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁ အရ တိုင်း/ပြည်နယ်လွှတ်တော်များသည် မိမိတို့၏ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်ကို ရွေးချယ်ခန့်အပ်ပိုင်ခွင့်မရရှိသော်လည်း မိမိတို့တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒု-ဥက္ကဋ္ဌများကို မဲပေးရွေးချယ်၍ ခန့်အပ်ပိုင်ခွင့်ရှိသည်။

ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌများသည် လွှတ်တော်ပုံမှန်အစည်းအဝေး၊ အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးများကျင်းပရေးကို ကြီးမှူးဆောင်ရွက်သည်။ ထို့အပြင် နိုင်ငံတော်သမ္မတ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်မှ လွှတ်တော်၌ မိန့်ခွန်းပြောကြားလိုပါက မိမိတို့သက်ဆိုင်ရာလွှတ်တော်သို့ ဖိတ်ခေါ်၊ စီစဉ်ဆောင်ရွက်နိုင်သည်။ ထိုနည်းတူပင် လွှတ်တော်ဥက္ကဋ္ဌသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသော တိုင်း/ပြည်နယ်အဆင့်ဌာနများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများကို လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်ပြီး မေးခွန်းဖြေကြားခြင်း ကို ခွင့်ပြုနိုင်သည်။

ဤဆောင်းပါးသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှရရှိသော အချက်အလက်ရင်းမြစ်များကို အသုံးပြု၍ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအသီးသီး၏ နောက်ခံအချက်အလက်များကို ပါ တီ၊ အသက်အရွယ်၊ ဘာသာ၊ လူမျိုးအလိုက် အကျဉ်းအားဖြင့် သုံးသပ်ထားပါသည်။ ယခုအခါ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များသည် များစွာအရေးပါလာသည့်အလျောက် လွှတ်တော်၏လုပ်ငန်းရပ်များကို ကြီးမှူးဆောင်ရွက်ကြသည့် လွှတ်တော်ဥက္ကဋ္ဌများ၏ နောက်ခံအချက်အလက်များကို လေ့လာဆန်းစစ်ပေးရန် ရည်ရွယ်ပါသည်။

### ပါတီ၊ ကျား/မပါဝင်မှု နှင့် အသက်အရွယ်

ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ၁၄ ဦးအနက် ၁၂ ဦးသည် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ဖြစ်သည်။ ကျန်နှစ်ဦးမှာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှဖြစ်ပြီး ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ရခိုင်အမျိုးသားပါတီမှ ဖြစ်ကြသည်။

ကျား/မ ပါဝင်မှုအနေဖြင့် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတစ်ဦးသာ အမျိုးသမီး ဖြစ်ရာ လွှတ်တော်ဥက္ကဋ္ဌရာထူးနေရာတွင် အမျိုးသားများကသာ လွှမ်းမိုးမှုရှိဆဲဖြစ်ကြောင်း သုံးသပ်နိုင်သည်။

### ဇယား-၁။ ။ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌများ၏ နောက်ခံအချက်အလက်များ

| ပြည်နယ်နှင့် တိုင်း | အမည် | ကျား/မ | နိုင်ငံရေးပါတီ | အသက် (၂၀၁၆ တွင်ပြည့်သောအသက်) |
|---|---|---|---|---|
| ဧရာဝတီ | ဦးအောင်ကျော်နိုင် | ကျား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၅၇ |
| ပဲခူး | ဦးခင်မောင်ရင် | ကျား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၆၉ |
| ချင်း | ဦးဇိုဘွဲ့ | ကျား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၅၈ |
| ကချင် | ဦးထွန်းတင် | ကျား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၇၂ |
| ကယား | ဦးလှထွေး | ကျား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၅၂ |
| ကရင် | ဦးစောချစ်ခင် | ကျား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၆၁ |
| မကွေး | ဦးတာ | ကျား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၆၈ |
| မန္တလေး | ဦးအောင်ကျော်ဦး | ကျား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၆၀ |
| မွန် | ဒေါ်တင်အိ | မ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၇၀ |
| ရခိုင် | ဦးစံကျော်လှ | ကျား | ရခိုင်အမျိုးသားပါတီ | ၆၃ |
| စစ်ကိုင်း | ဦးသန်း | ကျား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၆၃ |
| ရှမ်း | ဦးစိုင်းလုံးဆိုင် | ကျား | ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၆၉ |
| တနင်္သာရီ | ဦးခင်မောင်အေး | ကျား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၆၀ |
| ရန်ကုန် | ဦးတင်မောင်ထွန်း | ကျား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၆၅ |

လွှတ်တော်ဥက္ကဋ္ဌ ၁၄ ဦးလုံး၏ ပျမ်းမျှအသက်မှာ ၆၂ နှစ်ဖြစ်ကာ ၂၀၁၆ ခုနှစ်တွင် ရောက်ရှိသည့် အသက်အရွယ်အလိုက် အသက်အကြီးဆုံးဥက္ကဋ္ဌမှာ ကချင်ပြည်နယ်

လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင် (၇၂) နှစ် နှင့် အသက်အငယ်ဆုံးဥက္ကဋ္ဌမှာ ကယားပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး (၅၂) နှစ် တို့ဖြစ်ကြသည်။ လွှတ်တော်ဥက္ကဋ္ဌအများစုမှာ အသက် ၅၆ နှင့် ၆၀ တွင်းဖြစ်ကြသည်။

## လူမျိုး နှင့် ဘာသာ

ကိုးကွယ်သည့်ဘာသာတွင် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့ တစ်ဦးသာလျှင် ခရစ်ယာန်ဘာသာဝင်ဖြစ်သည်ကိုတွေ့ရပြီး အခြားတိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ ဥက္ကဋ္ဌများသည် ဗုဒ္ဓဘာသာဝင်များဖြစ်သည်။

လူမျိုးအားဖြင့်ဆိုလျှင် တိုင်းဒေသကြီးနှင့်ပြည်နယ် (၇) ခုမှ လွှတ်တော်ဥက္ကဋ္ဌများသည် ဗမာလူမျိုးများဖြစ်ပြီး ကချင်ပြည်နယ် နှင့် ကယားပြည်နယ်၏ လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးမှာ ဗမာလူမျိုးများဖြစ်ကြောင်း တွေ့ရသည်။ အခြားပြည်နယ်များဖြစ်သော ကရင်၊ ချင်း၊ မွန်၊ ရခိုင် နှင့် ရှမ်းပြည်နယ်တို့မှ လွှတ်တော်ဥက္ကဋ္ဌများသည် တိုင်းရင်းသားလူမျိုးများ အသီးသီး ဖြစ်ကြသည်။

အချုပ်အားဖြင့်ဆိုလျှင် တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၄) ခု၏ လွှတ်တော်ဥက္ကဋ္ဌနေရာများအနက် (၁၂) ခုတွင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှ အနိုင်ရပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ အမျိုးသားကိုယ်စားလှယ်အများစုက လွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြပါသည်။

## ကိုးကား

၁။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ

၂။ ၂၀၁၅ ရွေးကောက်ပွဲရလဒ်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်။

# Parliaments

## State and Region Hluttaw Speakers' Profiles

This article presents a brief analysis of speakers' demographics in terms of political parties, age, religion and ethnicity.

In the rapid transition, regional government and regional parliaments play a pivotal role in decentralization and building a stronger democracy. According to Article 261 in the 2008 Constitution, regional parliaments are not able to appoint their chief ministers.  However, regional parliament representatives are able to elect a speaker and a deputy speaker.

The speaker of the state/region hluttaw shall supervise parliamentary sessions and convene regular, special and emergency sessions. If he or she is informed of the president's or the chief minister's desire to address the state/region hluttaw, the speaker shall invite the President and make arrangement for the Chief Minister. The speaker also shall have the right to invite persons representing state/region level organization formed under the Constitution to attend the parliamentary session and give clarifications.

The demographic data used in this article was obtained from the Union Election Commission. As regional parliaments are becoming more and more important, this articles aims to shed some light on who is in charge of parliamentary functions at regional level.

### Political Parties, Gender and Age

The National League for Democracy holds 12 of 14 speaker positions in state/region hluttaws. The Union Solidarity and Development Party and Rakhine National Party hold the posts in Shan State and Rakhine state respectively.

Speaker position is still mostly occupied by male parliamentarians since only in Mon State Hluttaw appointed a female MP as the speaker.

## Table 1: Demographic Data of State/Region Hluttaw Speakers

| State/Region | Name | Male/Female | Political Parties | Age as of 2016 |
|---|---|---|---|---|
| Ayeyarwady | U Aung Kyaw Khine | Male | National League for Democracy | 57 |
| Bago | U Khin Maung Yin | Male | National League for Democracy | 69 |
| Chin | U Zoe Bwal | Male | National League for Democracy | 58 |
| Kachin | U Htun Tin | Male | National League for Democracy | 72 |
| Kayah | U Hla Htwe | Male | National League for Democracy | 52 |
| Kayin | U Saw Chit Khin | Male | National League for Democracy | 61 |
| Magway | U Tar | Male | National League for Democracy | 68 |
| Mandalay | U Aung Kyaw Oo | Male | National League for Democracy | 60 |
| Mon | Daw Tin Ei | Female | National League for Democracy | 70 |
| Rakhine | U San Kyaw Hla | Male | Arakan National Party | 63 |
| Sagaing | U Than | Male | National League for Democracy | 63 |
| Shan | U Sai Lone Hseng | Male | Union Solidarity and Development Party | 69 |
| Tanintharyi | U Khin Maung Aye | Male | National League for Democracy | 60 |
| Yangon | U Tin Maung Htun | Male | National League for Democracy | 65 |

### Ethnicity and Religion

Only Chin State Hluttaw speaker, U Zoe Bwal, is a Christian whereas all others are Buddhists.

All the speakers from 7 Region Huttaws are Bamar. On the other hand, there are only two Bamar speakers in ethnic State Hluttaws, which are Kachin and Kayah. Kayin, Chin, Mon, Rakhine and Shan state Hluttaws have speakers who are of their respective ethnic groups.

In short, male parliamentarians still dominate speaker posts and the National League for Democracy, being the winningest party in 2015 general election, managed to take 12 out of 14 Regional Hluttaw speaker posts.

### References

1. Constitution of the Republic of the Union of Myanmar (2008)
2. Union Election Commission, Myanmar

# ပထမအကြိမ်တိုင်းဒေသကြီး နှင့် ပြည်နယ်လွှတ်တော်အသီးသီးမှ ပြဋ္ဌာန်းခဲ့သောဥပဒေများအပေါ် သုံးသပ်ချက်အကျဉ်း

## နောက်ခံအကြောင်းအရာ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား ၂၊ တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေပြုစာရင်းတွင်ပါရှိသော ဥပဒေများကို တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော်များက ပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။ ဤလေ့လာသုံးသပ်မှုအကျဉ်းတွင် ပထမအကြိမ်လွှတ်တော် သက်တမ်း၌ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်အသီးသီးက ပြဋ္ဌာန်းပြီးစီးခဲ့သည့် ဥပဒေစုစုပေါင်းအရေအတွက်၊ ဇယား ၂ အရ ဥပဒေပြုရေးကဏ္ဍ ၈ ခုမှ ဥပဒေခေါင်းစဉ်ကြီး ၄၁ ရပ်အနက် ပြဋ္ဌာန်းပြီးစီးသည့် ကဏ္ဍနှင့်ဥပဒေအရေအတွက် စသည်တို့ကို လေ့လာသုံးသပ်ထားပါသည်။ ပြဋ္ဌာန်းခဲ့သည့်ဥပဒေပေါင်း၊ ပြဋ္ဌာန်းထားသည့်ကဏ္ဍများကို လေ့လာ ခြင်းအားဖြင့် ပထမအကြိမ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များက ဥပဒေပြုရေး အခန်းကဏ္ဍတွင် မည်မျှအတိုင်းအတာထိ ဆောင်ရွက်ပြီးစီးခဲ့သနည်းဆိုသည်ကို ဖော်ပြပေးလိုရင်းဖြစ်ပါသည်။

## ရှင်းလင်းချက်

ဥပဒေစုစုပေါင်းအရေအတွက်ဆိုသည်မှာ ပြဋ္ဌာန်းပြီးစီးသမျှ ပြင်ဆင်ဖြည့်စွက်သည့် ဥပဒေများအပါအဝင် ဥပဒေအားလုံးကို ထည့်သွင်းတွက်ချက်ဖော်ပြခြင်းဖြစ်သည်။ ကဏ္ဍအလိုက်ဆိုသည်မှာ ဇယား ၂ တွင် ဖော်ပြသော ကဏ္ဍ (၈) ခုမှ ဥပဒေခေါင်းစဉ်ကြီး စုစုပေါင်း (၄၁) ရပ်ပေါ်တွင် အခြေခံ၍တွက်ချက်သည်။ ယင်းခေါင်းစဉ်ကြီး ၄၁ ရပ် အောက်တွင် ဒေသလိုအပ်ချက်အလိုက် ထပ်မံပြဋ္ဌာန်းသော ဥပဒေခေါင်းစဉ်ခွဲများကို ထည့်သွင်းတွက်ချက်ဆန်းစစ်ခြင်း မပြုပါ။

ယခုလေ့လာသုံးသပ်မှုကို ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) က ၂၀၁၅ ဒီဇင်ဘာလမှ ၂၀၁၆ ၊ ဇွန်လအထိ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များမှ လွှတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ လွှတ်တော်ရုံးအဖွဲ့ ညွှန်ကြားရေးမှူးအပါအဝင် တာဝန်ရှိသူအသီးသီးနှင့်တွေ့ဆုံ၍ လေ့လာကောက်ယူခဲ့သော ပထမအကြိမ် တိုင်း


ဒေသကြီး နှင့် ပြည်နယ်လွှတ်တော်များဆိုင်ရာ သတင်းအချက်အလက်ရင်းမြစ်များအား အသုံးပြု၍ ရေးသားဖော်ပြထားပါသည်။

### ပထမအကြိမ် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များမှ ပြဋ္ဌာန်းပြီးစီးခဲ့သော ဥပဒေ အရေအတွက်

ပထမအကြိမ် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များမှ ပြဋ္ဌာန်းပြီးစီးခဲ့သည့် ဥပဒေစုစုပေါင်းအရေအတွက်ကို လေ့လာကြည့်ပါက စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်မှ ဥပဒေ ၄၈ ခု၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်မှ ဥပဒေ ၄၅ ခု၊ ကချင်ပြည်နယ်လွှတ်တော်မှ ဥပဒေ ၄၃ ခုတို့ဖြင့် ဥပဒေအရေအတွက် အများဆုံးပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိရပြီး ကယားပြည်နယ်မှာ ၂၄ ခုဖြင့် အနည်းဆုံးပြဋ္ဌာန်းထားကြောင်း တွေ့ရသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များမှာ ဥပဒေ အနည်းဆုံး ၂၅ ခု မှ ၃၈ ခုကြား ပြဋ္ဌာန်းထားရှိသည်။

တစ်ဖက်ပါ ပုံ (၁) တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အသီးသီးမှ ပထမအကြိမ်လွှတ်တော် (၅) နှစ်သက်တမ်းတွင်ပြဋ္ဌာန်းပြီးခဲ့သော ဥပဒေစုစုပေါင်း အရေအတွက်ကို ဖော်ပြထားပါသည်။

**ပုံ-၁ ။ ။ ပထမအကြိမ် တိုင်း/ပြည်နယ်လွှတ်တော်အသီးသီး၏ ပြဋ္ဌာန်းဥပဒေ စုစုပေါင်း အရေအတွက်**




**ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းအရ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်တစ်ခုချင်းစီ၏ ကဏ္ဍ အလိုက် ဥပဒေပြုနိုင်သည့် အခြေအနေ**

ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၁၈၈ အရ နောက်ဆက်တွဲ ဇယား ၂ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုစာရင်းတွင်

၁။ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ

၂။ စီးပွားရေးကဏ္ဍ
၃။ စိုက်ပျိုးရေး နှင့် မွေးမြူရေးကဏ္ဍ
၄။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ
၅။ စက်မှုလက်မှုကဏ္ဍ
၆။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ
၇။ လူမှုရေးကဏ္ဍ
၈။ စီမံခန့်ခွဲရေးကဏ္ဍ
ဟူသော ကဏ္ဍ(၈) ရပ် ဖြင့် ရည်ညွှန်းပြဋ္ဌာန်းထားသည်။

ယင်းကဏ္ဍ (၈) ရပ်ပါ ဥပဒေပြုရေး စုစုပေါင်း ၄၁ ရပ် ပြဋ္ဌာန်းခွင့်ပြုရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဥပဒေပြဋ္ဌာန်းနိုင်မှုအခြေအနေကို အကျဉ်းအားဖြင့် ဖော်ပြရလျှင်

**ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ** တွင် စစ်ကိုင်းဒေသကြီးလွှတ်တော်က နှစ်စဉ် ပုံမှန်ပြဋ္ဌာန်းမြဲဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများ၊ ဒေသန္တရစီမံကိန်းဥပဒေများအပါအဝင် အခွန်ဥပဒေများ၊ ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာဥပဒေနှင့် အသေးစားငွေချေးလုပ်ငန်းဥပဒေများကို ပြဋ္ဌာန်းခဲ့သောကြောင့် အခြေခံဥပဒေအရ ဤကဏ္ဍတွင် ပြဋ္ဌာန်းပိုင်ခွင့်ရှိသော ဥပဒေပြုရေးကဏ္ဍ ၁၁ ရပ် ရှိသည့်အနက် ၇ ရပ်ထိ ပြဋ္ဌာန်းပြီးစီးထားသည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော်များတွင် ဘဏ္ဍာရေးနှင့်စီမံကိန်း ကဏ္ဍမှ ဥပဒေအနည်းဆုံး ၂ ခု မှ ၅ ခု အထိ ပြဋ္ဌာန်းခဲ့ကြသည်။

ထူးခြားချက်အနေဖြင့် **စီးပွားရေးကဏ္ဍ** တွင် ပြဋ္ဌာန်းပိုင်ခွင့်ရှိသည့် ဥပဒေကဏ္ဍ ၃ ရပ်ရှိသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အားလုံး (လုံး၀) ပြဋ္ဌာန်းထားခြင်း မရှိခဲ့ပါ။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ** တွင် ဥပဒေပြဋ္ဌာန်းပိုင်ခွင့် (၇) ရပ်ရှိသည့်အနက် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး ၊ မန္တလေးတိုင်းဒေသကြီး ၊ ရှမ်းပြည်နယ် နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၄ ရပ်စီ ပြဋ္ဌာန်းထားပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များတွင် အနည်းဆုံး ဥပဒေ ၁ ရပ်မှ ၃ ရပ် ပြဋ္ဌာန်းပြီးစီးခဲ့သည်။

**စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ** တွင် ဥပဒေပြဋ္ဌာန်းပိုင်ခွင့် ၅ ရပ်ရှိသည့်အနက် ကချင်ပြည်နယ်က ၅ ရပ်လုံး ပြဋ္ဌာန်းထားကြောင်း တွေ့ရသည်။

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၄ ရပ်စီ၊ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များတွင် ဥပဒေအနည်းဆုံး ၁ ရပ် မှ ၃ ရပ် ထိ ပြဋ္ဌာန်းခဲ့သည်။

**စက်မှုလက်မှုကဏ္ဍ** ရှိ ဥပဒေပြုခွင့် ၂ ရပ်တွင် ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်တို့၌ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ (သို့မဟုတ်) အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဥပဒေ ၁ ရပ်စီသာ ပြဋ္ဌာန်းထားပြီး ကျန်တိုင်းနှင့်ပြည်နယ်များသည် စက်မှုလက်မှုကဏ္ဍတွင် ဥပဒေပြဋ္ဌာန်းပြီးခြင်းမရှိသေးသည်ကို လေ့လာတွေ့ရှိရသည်။


**ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးကဏ္ဍ** တွင် ဥပဒေ ပြဋ္ဌာန်းပိုင်ခွင့် ၃ ရပ်ရှိရာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်တို့၌ ၃ ရပ်လုံး ပြဋ္ဌာန်းထားရှိပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များတွင် အနည်းဆုံး ဥပဒေ ၁ ရပ် ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

**လူမှုရေးကဏ္ဍ** တွင် ပြဋ္ဌာန်းပိုင်ခွင့် ၇ ရပ်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်တို့မှ ၇ ရပ်လုံး ပြဋ္ဌာန်းထားရှိပြီး ကချင်ပြည်နယ်တွင် ဥပဒေပြုရေးကဏ္ဍ ၆ ရပ် ပြဋ္ဌာန်းထားသည်။ ကျန်တိုင်းဒေသကြီး နှင့် ပြည်နယ်လွှတ်တော်များတွင် အနည်းဆုံး ၁ ခု မှ ၅ ခု ထိ ပြဋ္ဌာန်းခဲ့ကြသည်။

**စီမံခန့်ခွဲရေးကဏ္ဍ** တွင် ပြဋ္ဌာန်းပိုင်ခွင့် ၃ ရပ် ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အားလုံးတွင် အနည်းဆုံး စည်ပင်သာယာရေးဥပဒေ ၁ ရပ်ကို ပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိရသည်။

တစ်ဖက်ပါ ပုံ (၂) တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော် အသီးသီး၏ ကဏ္ဍအလိုက် ဥပဒေပြဋ္ဌာန်းပြီးစီးမှုအခြေအနေ နှင့် ပြဋ္ဌာန်းရန်ကျန်ရှိသည့်ကဏ္ဍများကို ဖော်ပြထားသည်။

### ပုံ-၂။ ။ ကဏ္ဍအလိုက် ဥပဒေပြဋ္ဌာန်းနိုင်မှုအခြေအနေ




အချုပ်အားဖြင့်ဆိုရလျှင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား ၂ အရ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များက ဥပဒေပြုပိုင်ခွင့်ရှိသည့် ကဏ္ဍ ၈ ခုမှ စုစုပေါင်း ဥပဒေ ၄၁ ရပ် ပြဋ္ဌာန်းရန်ရှိသည့်အနက် ပထမအကြိမ်တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော်အသီးသီးမှ ပြဋ္ဌာန်းပြီးစီးသည့် ဥပဒေစုစုပေါင်းမှာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်က ဥပဒေပြုရေး ကဏ္ဍ ၂၇ ရပ် ၊ ကချင်ပြည်နယ်လွှတ်တော်က ဥပဒေပြု ရေးကဏ္ဍ ၂၄ ရပ် နှင့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်က ဥပဒေပြုရေးကဏ္ဍ ၂၃ ရပ် တို့ အသီးသီး ပြဋ္ဌာန်းထားကြသည်။ ကဏ္ဍအလိုက် ဥပဒေပြဋ္ဌာန်းနိုင်မှုတွင် ရန်ကုန်တိုင်း

ဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းခွင့်ပြုသည့် ၄၁ ရပ်တွင် ၈ ရပ် တွင်သာ ပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရသည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များတွင် အနည်းဆုံး ဥပဒေပြုရေး ကဏ္ဍ ၁၁ ရပ် မှ ၂၀ ရပ် ထိ ပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။

### ကိုးကား

၁။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ

၂။ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) ၏ ပထမအကြိမ် တိုင်းဒေသကြီး နှင့် ပြည်နယ်လွှတ်တော်များ၏ ဆောင်ရွက်မှုများအပေါ် လေ့လာဆန်းစစ်မှု သုတေသန

# A Brief Analysis on Laws Passed by the First State/Region Hluttaws


## Summary

The State/Region Hluttaws shall have the right to enact laws prescribed in the Article 188, Schedule Two of the State/Region Hluttaw Legislative List in the 2008 Constitution. This article provides a brief analysis on the numbers of laws passed during the first term of Hluttaws in respect of 41 legislative titles under 8 sectors prescribed in Schedule Two. This article aims to describe legislative performance of the First State/Region Hluttaws by studying on the total number of laws passed and their sectors.


## Explanation

In this article, the number of laws is defined as all the laws which were enacted, including amendments. Sectors are based on 8 sectors of the Schedule Two, which have 41 titles. Legislative sub-titles, which are enacted depending on local needs, are not analysed in this article.


The data used in this article was collected by Enlightened Myanmar Research Foundation between December 2015 and June 2016 through meetings with the State/Region Hluttaw Speakers, Deputy Speakers, Directors General of Hluttaw Offices and respective personnel.

## Number of Laws Passed by the First State/Region Hluttaws

During the first term, Sagaing Region Hluttaw, Mandalay Region Hluttaw and Kachin State Hluttaw passed the highest number of laws; 48, 45 and 43 laws respectively. Kayah State Hluttaw passed the fewest number of laws, only 24 laws. The number of laws passed by the rest of state/region hluttaws are in the range of 25 and 38.

The figure (1) below describes the numbers of laws passed by the first State/Region Hluttaws during five years.

## Figure 1: Total Number of Laws Passed by the First State/Region Hluttaws




## Schedule Two of the Region or State Legislative List

1. Finance and Planning Sector
2. Economic Sector
3. Agriculture and Livestock Breeding Sector
4. Energy, Electricity, Mining and Forestry Sector
5. Industrial Sector
6. Transport, Communication and Construction Sector
7. Social Sector
8. Management Sector

There are 41 legislative titles under these 8 sectors which State/Region Hluttaws shall have the right to enact laws:

**Finance and Planning Sector -** Laws passed by Sagaing Region Hluttaw covered 7 out of 11 legislative titles under the Finance and Planning Sector, which include budget law, local plan law, excise duty law, services law and small loans business laws. Other State/Region Hluttaws passed at least 2 to 5 laws.

Remarkably although there are three titles under **Economic Sector**, no State/Region Hluttaw enacted any laws.

**Agriculture and Livestock Breeding Sector -** Sagaing Region Hluttaw, Bago Region Hluttaw, Mandalay Region Hluttaw, Shan State Hluttaw and Ayeyarwady Region Hluttaw each passed 4 laws out of 7 legislative titles under the agriculture and livestock sector. Other State/Region Hluttaws passed at least from 1 to 3 laws.

**Energy, Electricity, Mining and Forestry Sector -** Kachin State Hluttaw passed all the laws listed under the Energy, electricity, Mining and Forestry Sector while Sagaing and Mandalay Region Hluttaws passed 4 laws. Others passed at least 1 to 3 laws.

**Industrial Sector -** Kachin State Hluttaw, Mandalay Region Hluttaw, Mon State Hluttaw and Ayeyarwady Region Hluttaw passed the cottage industries law only out of 2 titles under the Industrial Sector. Others did not pass any laws under this sector.


**Transport, Communication and Construction Sector -** There are 3 titles listed under this sector and Hluttaws of Kachin State, Chin State, Sagaing Region and Mandalay Region each passed all three laws. The others passed at least one.

**Social Sector** - There are 7 laws listed under this category, Sagaing and Mandalay Region Hluttaw passed 7 laws whereas Kachin State Hlutaw passed 6 laws. On the other hand, other State/Region Hluttaws passed at least 1 to 5 laws.

**Management Sector** - There are 3 law titles under this sector and all State/Region Hluttaws passed at least one development matters law.

The figure 2 below provides the status of laws passed by the State/Region Hluttaws by sector.

## Figure 2: The Status of Laws Passed by Sector



In conclusion, according to the 2008 constitution, 41 titles are listed under 8 sectors in Article 188, Schedule Two, and the total numbers of laws passed by the First State/Region Hluttaws are: 27 by Sagaing Region Hluttaw, 24 by Kachin State Hluttaw and 23 by Mandalay Region Hluttaw. Yangon Region Hluttaw was able to passed only 8 out of 41 titles. The rest passed 11 to 20 titles.

## References

1. (2008) Constitution of the Republic of the Union of Myanmar
2. Performance Analysis of the First State/Region Hluttaws, Enlightend Myanmar Research Foundation (EMReF)

# ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များဆိုင်ရာ သတင်းစာစဉ်




ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များဆိုင်ရာသတင်းစာစဉ်ကို EMReF မှ စနေနေ့တွင် မြန်မာဘာသာနှင့် ဗုဒ္ဓဟူးနေ့တွင် အင်္ဂလိပ်ဘာသာဖြင့် info@emref.org မှ နှစ်ပတ်တစ်ကြိမ် ဖြန့်ဝေလျက်ရှိကာ ဖြန့်ဝေပြီးသတင်းစာစဉ်များကို MyPILAR ဝက်ဘ်ဆိုက်တွင် စုစည်းပေးထားပါသည်။ သတင်းစာစဉ်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များနှင့်သက်ဆိုင်သော သတင်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ လှုပ်ရှားမှုများ၊ ကော်မတီများ အကြောင်းကို ဖော်ပြလျက်ရှိပါသည်။

## State and Region Parliaments News Bulletin

**"State and Region Parliaments News Bulletin"** is being distributed by EMReF every two weeks on Saturdays (in Myanmar) and Wednesdays (in English) through info@emref.org . Previous Issues are archived on MyPILAR website. The News Bulletin extracts news, facts and data about state and region parliaments, state and region cabinets, all the functions of parliaments, committees and MPs.

# သုံးစွဲသူမှ ဖိုင်တင်ရန်





MyPILAR ဝက်ဘ်ဆိုက်တွင် မှတ်ပုံတင်ထားသူများအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး သတင်းအချက်အလက်များနှင့်ပတ်သက်သော မိမိ၏သုတေသနစာတမ်းများ၊ ဥပဒေဆိုင်ရာ စာအုပ်များ၊ ဒေတာများနှင့် အခြားစာအုပ်စာပေများကို MyPILAR မှတစ်ဆင့် ဝေမျှခြင်း အားဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ CSOs များ၊ မီဒီယာ၊ INGOs များနှင့် အများပြည်သူသိရှိနိုင်စေရန် ကူညီနိုင်ပါသည်။ အင်္ဂလိပ်၊မြန်မာ နှစ်ဘာသာဖြင့် Upload ပြုလုပ်နိုင်ပြီး မိမိ Upload လုပ်လိုက်သော သတင်းအချက်အလက်များသည် တင်ပြီးပြီးချင်း (သို့) အချိန်အနည်းငယ်အတွင်း Upload page တွင် ပေါ်လာမည်ဖြစ်သည်။

## User uploads

Registered users can immediately share their research papers, presentations, legal documents, research data and other political information publications related to Myanmar by uploading them on the "MyPILAR" website. This will help inform Myanmar parliamentarians, political parties, CSOs, the media, INGOs and the general public. Users can upload documents of most file types in English or Myanmar and their uploads will appear immediately or within a few minutes in the user upload page accessible from the user upload menu.

# စာအုပ်စာတမ်းများနှင့်ဒေတာများ




စာအုပ်စာတမ်းများတွင် အထွေထွေရွေးကောက်ပွဲများ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်များနှင့်သက်ဆိုင်သော မှတ်တမ်းမှတ်ရာ၊ သုတေသနစာတမ်းများ၊ အစီရင်ခံစာများနှင့် လမ်းညွှန်စာအုပ်များပါရှိသည်။ Database အနေနှင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲရလဒ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းနှင့်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံ သမ္မတအဆက်ဆက်တို့၏ ကိုယ်ရေးအချက်အလက်များကို မျှဝေထားပါသည်။ ပြည်နယ်နှင့်တိုင်းလွှတ်တော်များမှ ပြဋ္ဌာန်းခဲ့သောဥပဒေများလည်း ပါဝင်သည်။ ရင်းမြစ်များအနေနှင့် EMReF၊ အစိုးရဌာနများ၊ လွှတ်တော်များ၊ INGOs နှင့် CSOs များ ပါဝင်သည်။

## Publications and Data

Publications include documents, research papers, reports, fact books and handbooks on General Elections, Political parties and Parliaments. Database includes 2015 General election results, demographic profiles of Members of Parliaments of all 3 Hluttaws, profiles of speakers of States and Regions Parliaments and profiles of presidents in Myanmar. “Publication and Data” page also includes the laws approved by State and Region Hluttaws. Sources include EMReF, government departments, Hluttaws, international organizations and Civil Society Organizations.

ပြောင်းလဲလျက်ရှိသည့် လက်ရှိမြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် မှန်ကန်ခိုင်လုံသည့် သတင်းအချက်အလက်များရယူခြင်း၊ ဖြန့်ဝေခြင်းတို့သည် အရေးပါလာသည့်အလျောက် စစ်မှန်သည့် သုတေသနအဖွဲ့အစည်းတစ်ခုဖြစ်သော EMReF အနေဖြင့် ပံ့ပိုးသူ မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကောင်းမွန်စွာပိုင်းခြား စိတ်ဖြာထားသော ဘက်မလိုက်သည့် သတင်းအချက်အလက်များကို မြန်မာနိုင်ငံရှိ ပြည်သူလူထုနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် နိုင်ငံရေးပါတီများအား ပေးဝေနိုင်ရန် နိုင်ငံရေးသတင်းအချက်အလက် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော “MyPILAR” (www.mypilar.org) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

Myanmar has been experiencing dramatic changes since 2010 in the wake of political transition towards a democratic system. Given importance of valid and reliable information in the transitional context of Myanmar, EMReF and supportive partners put best of their efforts in implementing “MyPILAR (www.mypilar.org) to make a valuable contribution in providing concrete, well-analyzed and unbiased information to the people of Myanmar and Myanmar Civil Society, and all other key stakeholders such as elected members of Parliaments (MPs), the central and local governments and political parties.

USAID FROM THE AMERICAN PEOPLE

UNIVERSITY of WASHINGTON

Microsoft

tableau FOUNDATION

MBAPF (Myanmar Book Aid & Preservation Foundation)

The Asia Foundation